# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၈) ရက်မြောက်နေ့အစီအစဉ်

# ( ၂၃ - ၇ -၂၀၂၆ ) ( ကြာသပတေးနေ့) နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေ ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(ခ) ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်ရှိ ညောင်စာရေး - တရုတ်မှော်-ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်၏ **ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ကြံခင်းမြို့နယ်အတွင်းရှိ ဝွေးချူတံတားအား အသစ်တည်ဆောက်ပေးနိုင် ပါရန် သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) စိုင်းထွန်းစံ(ခ) စိုင်းဆေဟန်၊ လင်းခေး မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်း ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းပေါ်တွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်**

**သီးသန့်အမြန်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ ခရီးကုန်ကျစရိတ် ထိန်းချုပ်ရေးအတွက် သယ်ယူစရိတ် ကျဆင်းအောင် ဆောင်ရွက်ပေးရန်၊ နယ်စပ်ပေါက်ဈေးနှင့် ပြည်တွင်းဝယ်ဈေးကွာဟချက် ကျဉ်းမြောင်းစေရန် အတွက် အနည်းဆုံး အာမခံဈေးနှုန်း သတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့် မြေဩဇာများကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက်ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိ တို့ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်၏ **Rice Export Zone (REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ်များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွား ရရှိစေမှုနှင့်အတူ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ အကျိုးတူ စီမံဆောင်ရွက်နေမှု အခြေအနေကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးတင်ဦး၊ အိမ်မဲ မဲဆန္ဒနယ်၏ **လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိထားသူ တောင်သူလယ်သမား အိမ်ထောင်ဦးစီးများ ကွယ်လွန်ပါက အမွေဆက်ခံခွင့် ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာ အမည်ပြောင်းလဲပေးနိုင်ရေး အတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) စိုင်းထွန်းလင်း၊ မိုးနဲ မဲဆန္ဒနယ်၏ **ကျိုင်းတောင်းမြို့ရှိ နောင်တုန်ဟုန်း ကန်ကြီးအား တူးဖော်ရှင်းလင်း အဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။